# လက်ငင်းနိုင်ငံရေးဖြစ်စဉ်များကို မှတ်တမ်းတင်ထားဖို့လိုတယ်။

နောင်ကျမှ အငြင်းမပွားရအောင် အခုကတည်းက နိုင်ငံရေးဖြစ်စဉ်တွေကို မှတ်တမ်းထင်ထားဖို့ အရေးကြီးပါတယ်။ အာဏာရအစိုးရရဲ့လုပ်ဆောင်ချက်နဲ့ အာဏာမဲ့အတိုက်အခံတွေရဲ့ လုပ်ဆောင်ချက်တွေကို မှတ်တမ်းတင်ဖို့ပါ။ ဒါမှ နောင်မှာ အငြင်းမပွားရတာပေါ့။

အဲဒီလို လုပ်မထားရင် အငြင်းပွားရတတ်ပါတယ်။ အခုပဲ ကြည့်။ လွန်ခဲ့တဲ့ နှစ် '၆၀' ကျော်က ကိစ္စတွေနဲ့ ပတ်သက်ပြီး တယောက်တပေါက် ပြောနေကြတာ တွေ့နေရပြီ။ နိုင်ငံရေးကိစ္စတွေကို ရေးသားခွင့်ရနေတဲ့ ဂျာနယ် ၃ - ၄ စောင်မှာ ထင်ရာမြင်ရာတွေကို ပြောနေကြ၊ ရေးနေကြပြီ။ လက်ငင်းအာဏာရနေသူတွေ အကြိုက်ကိုလိုက်ပြီး အသက်ထင်ရှားမရှိတော့တဲ့ သူတွေကို (အတိုက်အခံတွေကို) ဖိထောင်းတဲ့ အလုပ်ကို မြိန်ရေရှက်ရေ ရေးနေကြတယ်။ (သခင်တင်မြ အဆိုးဆုံးပဲ။) ဘဝတသက်တာလုံး အာဏာမဲ့ အတိုက်အခံဖြစ်ခဲ့တဲ့ သူတွေကိုဆိုရင် စာအုပ်ကြီးတွေထုတ်ပြီးတော့တောင် ထိုးနှက်တိုက်ခိုက်တယ်။ သခင်တင်မြက "ဘုံဘဝမှာဖြင့်" ကျန်တဲ့လက်နက်ချတချို့က "သခင်သန်းထွန်းနောက်ဆုံးနေ့များ" "ဇင် - ချစ်နောက်ဆုံး (၂)" စတဲ့စတဲ့ စာအုပ်ကြီးတွေ ထုတ်တယ်။ အငြိမ်းစား စစ်ဗိုလ်ကြီးတွေကလည်း စာအုပ်တွေ ရေးကြတယ်။ သခင်သန်းမြိုင်အကြောင်း ရေးတယ်။ တချိန်တုန်းက အာဏာရှိပြီး နောက်အာဏာမဲ့ဘဝနဲ့ ကွယ်လွန်သွားတဲ့ ဦးကျော်ငြိမ်းအကြောင်းတွေ ရေးနေတုန်းပဲ။ ဒါပေမဲ့ ဗကပ ကို ရေးသလို မရေးဘူး။ သတိထားပြီး ရေးတယ်။ ဘာကြောင့်လဲဆိုတော့ တန္တယ်ငင်တစင်ပါဆိုသလို ဗိုလ်နေဝင်းကိုပါ ထိပါးမိမှာစိုးလို့ပဲ။ ဦးကျော်ငြိမ်းက အာဏာအမွေစားအမွေခံ မရှိဘူး။ ဗိုလ်နေဝင်းမှာက ရှိတယ်။ နဝတ - နအဖ ဆိုတာ အာဏာအမွေခံပဲ။ သူတို့ကို ထိခိုက်သွားရင် မစားသာဘူးဆိုတာ သခင်တင်မြ သိတယ်။ ဒါကြောင့် ရှောင်တယ်။ 'ဘုံဘဝမှာဖြင့်' ဆိုပြီး ကွန်မြူနစ်ပါတီကို တိုက်ခိုက်ဝံ့ပေမယ့် "မြန်မာ့ဆိုရှယ်လစ်ဘဝမှာဖြင့်" ကို မရေးဝံ့ဘူး။ ဦးကျော်ငြိမ်းအကြောင်းရေးသလို ဦးနေဝင်းအကြောင်း မရေးဝံ့ဘူး။

'ဗျူး' တခုမှာဆိုရင် "မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ရောက်တော့ ကိုကိုးကျွန်းမရှိတော့ဘူး" လို့တောင် ဖြောင်လိမ်တာ တွေ့လိုက်ရတယ်။

အင်္ဂလိပ်က အက်ဒမန်ကျွန်းမှာ ထောင်ဖွင့်ခဲ့သလို ဖဆပလ အစိုးရကလည်း ကိုကိုးကျွန်းမှာ ထောင်ဖွင့်ဖို့ စီမံကိန်းချခဲ့တာပဲ။ ဒါပေမဲ့ လက်တွေ့မလုပ်နိုင်ခဲ့ဘူး။ အိမ်စောင့်အစိုးရခေတ်ကျမှ ဗိုလ်နေဝင်းနဲ့ဗိုလ်မောင်မောင်တို့က လက်တွေ့လုပ်တယ်။ အဲဒီကျွန်းက သိပ်မကြာလိုက်ဘူး။ ပထစ ဦးနုအစိုးရခေတ်ရောက်တော့ ဖျက်သိမ်းတယ်။ ဒုတိယကိုကိုးကျွန်းကတော့ မဆလ ခေတ်မှာ လုပ်တာပဲ။ အဲဒီတုန်းက သခင်တင်မြအပါအဝင် 'ဗကပ' သစ္စာဖောက်တွေဟာ မဆလ မှာ နေရာကောင်းရနေချိန်ပါ။ မဆလ ဗဟိုကော်မတီတွေအဖြစ် မြှောက်စားခံနေရတာပါ။ (၁၉၇၇) ကျမှ ပြုတ်ကြတာ ဖြစ်တယ်။ ဒုတိယကိုကိုးကျွန်းလုပ်တာက (၁၉၆၉) မှာပဲ။ လက်နက်ချသစ္စာဖောက်တွေ မိုးကောင်းနေတုန်း ဖြစ်တာပါ။ ဒါကြောင့် ဖြောင်လိမ်တာလို့ ပြောတာပဲ။ ထောင်ထဲထည့်ထားတဲ့ နိုင်ငံရေးအကျဉ်းသားကို ဘယ်လိုချိုးနှိမ်ရင်ရတယ်ဆိုတဲ့ အကြံတောင် ပေးတယ်လို့ သံသယရှိပါတယ်။

မေးသူကလည်း ဖြောင်လိမ်မှန်းသိပုံရတယ်။ ဗန်းမော်တင်အောင်တို့၊ မြသန်းတင့်တို့ ရှိသေးတဲ့အချိန်ကလေလို့ ထောက်လိုက်တယ်။ ဒီတော့ ပေါသလိုလို ကြောင်သလိုလိုလုပ်ပြီး တခြားဘက်လှည့်သွားတယ်။

## ရည်ရွယ်ချက်ရှိတယ်။

ဗကပ အကြောင်းပြောနေတာက NLD ကို စောင်းပါးရိပ်ခြည်နားချနေတာပါ။ ပစ္စုပ္ပန် (နအဖ) ရဲ့အကျိုးအတွက် အတိတ်အကြောင်း ပြောနေတာပါ။ မောင်စူးစမ်းကတော့ ရှင်းတယ်။ NLD ကို (DASSK ကို) ဖြောင်နားချတယ်။ ဟိုတုန်းက ဗကပ ကို "တွေ့ဆုံဆွေးနွေးရေး ပြောမနေနဲ့၊ လက်နက်နဲ့ဒီမိုကရေစီ လဲလိုက်ပါ" လို့ ပြောသလိုမျိုး ဖြောင်ပြောနေတယ်။ စေ့စပ်ဆွေးနွေးရေးလုပ်ဖို့ ပြောမနေနဲ့၊ NLD နေရာပျောက်သွားမယ်လို့ ခြိမ်းခြောက်နေတယ်။

## မှတ်တမ်းတင်ထားရမယ်။

သမိုင်းကို တုတ်ထမ်းပြီး ပြောခဲ့ရတာများပြီ။ ဒီတခါမှာ အသေအချာမှတ်တမ်းတင်ထားကြရမယ်။ အာဏာရ၊ အာဏာမဲ့တို့ရဲ့ လုပ်ဆောင်ချက်တိုင်းကို မှတ်တမ်းတင်ထားရင် တုတ်ထမ်းပြီးပြောစရာ မလိုတော့ဘူး။

**<u>တဆက်တည်းပြောချင်တာ။</u>**

ပြည်တွင်းစစ်မီးက အချိန်မရွေးထတောက်နိုင်တယ်။ ၁၉၄၈ ကဖြစ်စဉ်မျိုးတော့ ဖြစ်မှာမဟုတ်ဘူး။ ၁၉၄၇ - ၄၈ တုန်းက အဓိကဇာတ်ကောင်တွေက ဗကပ နဲ့ (ဗဆပ - ဗမာပြည်ဆိုရှယ်လစ်ပါတီ) ပဲ။ အခု အဲဒီလို မဟုတ်ဘူး။ ဇာတ်ကောင်တွေ များတယ်။ ဇာတ်ကောင်တွေရဲ့ လုပ်ရပ်တိုင်းကို မှတ်တမ်းတင်သင့်ပါတယ်။

၃၀ - ၁၀ - ၂၀၀၉